# သင်၏ ဝါရှင်တန် (Washington) ပြည်နယ်

# Health Home စာစောင်

... ပိုမိုကောင်းမွန်သော ဘဝအတွက်။



အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်များအတွက် Health Home စောင့်ရှောက်မှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် ဝန်ဆောင်မှုများ

Washington State Department of Social & Health Services

*Transforming lives*

Washington State Health Care Authority

[English] Language assistance services, including interpreters and translation of printed materials, are available free of charge. Call 1-877-501-2233 (TRS: 711).

[Amharic] የቋንቋ እገዛ አገልግሎት፣ አስተርጓሚ እና የሰነዶችን ትርጉም ጨምሮ በነጻ ይገኛል፡፡ 1-877-501-2233 (TRS: 711) ይደውሉ፡፡

[Arabic] خدمات المساعدة في اللغات، بما في ذلك المترجمين الفوريين وترجمة المواد المطبوعة، متوفرة مجاناً، اتصل على رقم 1-877-501-2233 (TRS: 711).

[Burmese] ဘာသာပြန်ဆိုသူများနှင့် ထုတ်ပြန်ထားသည့် စာရွက်စာတမ်းများဘာသာပြန်ခြင်းအပါအဝင် ဘာသာစကားအထောက်အကူဝန်ဆောင်မှုများကို အခမဲ့ရနိုင်ပါသည်။ 1-877-501-2233 (TRS: 711) ကိုဖုန်းခေါ်ဆိုပါ။

[Cambodian] សេវាជំនួយភាសា រួមមានទាំងអ្នកបកប្រែផ្ទាល់មាត់ និងការបកប្រែឯកសារបោះពុម្ព គឺអាចរកបានដោយឥតគិតថ្លៃ។ ហៅទូរស័ព្ទទៅលេខ 1-877-501-2233 (TRS: 711)។

[Chinese] 免费提供语言协助服务，包括口译员和印制资料翻译。请致电 1-877-501-2233 (TRS: 711)。

[Korean] 통역 서비스와 인쇄 자료 번역을 포함한 언어 지원 서비스를 무료로 이용하실 수 있습니다. 1-877-501-2233 (TRS: 711)번으로 전화하십시오.

[Laotian] ການບໍລິການດ້ານພາສາ, ລວມທັງນາຍແປພາສາ ແລະ ການແປເອກະສານທີ່ພິມ, ມີໄວ້ໃຫ້ຟຣີໂດຍບໍ່ຄິດຄ່າ. ໂທຫາເລກ 1-877-501-2233 (TRS: 711).

[Oromo] Tajajilli gargaarsa afaanii, nama afaan hiikuu fi ragaalee maxxanfaman hiikuun, kaffaltii malee ni argattu. 1-877-501-2233 (TRS: 711) irratti bilbilaa.

[Persian] خدمات کمک زبانی، از جمله مترجم شفاهی و ترجمه اسناد و مدارک (مطالب) چاپی، بصورت رایگان ارائه خواهد شد.با شماره 1-877-501-2233 (TRS: 711) تماس بگیرید.

[Punjabi] ਭਾਸ਼ਾ ਸਹਾਇਤਾ ਸੇਵਾਵਾਂ—ਦੁਭਾਸ਼ੀਏ ਅਤੇ ਪ੍ਰਿੰਟ ਕੀਤੀ ਹੋਈ ਸਮੱਗਰੀ ਦੇ ਅੰਨੁਵਾਦ ਸਮੇਤ—ਮੁਫ਼ਤ ਉਪਲੱਬਧ ਹਨ। 1-877-501-2233 (TRS: 711) 'ਤੇ ਕਾਲ ਕਰੋ।

[Romanian] Serviciile de asistență lingvistică, inclusiv cele de interpretariat și de traducere a materialelor imprimate, sunt disponibile gratuit. Apelați 1-877-501-2233 (TRS: 711).

[Russian] Языковая поддержка, в том числе услуги переводчиков и перевод печатных материалов, доступна бесплатно. Позвоните по номеру 1-877-501-2233 (TRS: 711).

[Somali] Adeego caawimaad luuqada ah, ay ku jirto turjubaano afka ah iyo turjumid lagu sameeyo waraaqaha la daabaco, ayaa lagu helayaa lacag la'aan. Wac 1-877-501-2233 (TRS: 711).

[Spanish] Hay servicios de asistencia con idiomas, incluyendo intérpretes y traducción de materiales impresos, disponibles sin costo. Llame al 1-877-501-2233 (TRS: 711).

[Swahili] Huduma za msaada wa lugha, ikiwa ni pamoja na wakalimani na tafsiri ya nyaraka zilizochapishwa, zinapatikana bure bila ya malipo. Piga 1-877-501-2233 (TRS: 711).

[Tagalog] Mga serbisyong tulong sa wika, kabilang ang mga tagapagsalin at pagsasalin ng nakalimbag na mga kagamitan, ay magagamit ng walang bayad. Tumawag sa 1-877-501-2233 (TRS: 711).

[Tigrigna] ተርጎምትን ናይ ዝተፅሓፉ ማተርያላት ትርጉምን ሓዊሱ ናይ ቋንቋ ሓገዝ ግልጋሎት፤ ብዘይ ምንም ክፍሊት ይርከቡ፡፡ ብ 1-877-501-2233 (TRS: 711) ደውሉ፡፡

[Ukrainian] Мовна підтримка, у тому числі послуги перекладачів та переклад друкованих матеріалів, доступна безкоштовно. Зателефонуйте за номером 1-877-501-2233 (TRS: 711).

[Vietnamese] Các dịch vụ trợ giúp ngôn ngữ, bao gồm thông dịch viên và bản dịch tài liệu in, hiện có miễn phí. Gọi 1-877-501-2233 (TRS: 711).

# သင်၏ ဝါရှင်တန် (Washington) ပြည်နယ် Health Home စာစောင်

## Health Home ဆိုတာ ဘာလဲ။

Health Home သည် နေရာတစ်ခု မဟုတ်ပါ၊ ၎င်းသည် စောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှုများကို စုပေါင်း ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သင် လက်ရှိလက်ခံရရှိသည့် ဝန်ဆောင်မှုများနှင့် ကူညီထောက်ပံ့မှုများ ကို သင့်အား အကောင်းဆုံး အသုံးပြုနိုင်ရန် ၎င်းတို့ကို စောင့်ရှောက်မှု ဆိုင်ရာ ညှိနှိုင်း ဆောင်ရွက်သူ မှ ပံ့ပိုးစီစဉ်ပေးပါသည်။

Health Home ဝန်ဆောင်မှုများကို ဖြစ်ပွားနေသော သင်၏ နာတာရှည်ရောဂါ အခြေအနေများ၌ ဝိုင်းဝန်းကူညီရန် နှင့် သင်ရွေးချယ်သည့် ကျန်းမာရေး ပန်းတိုင်များသို့ ရောက်ရှိစေရန် သင့်အား ကူညီရန်အတွက် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်ပါသည်။ Health Home ဝန်ဆောင်မှုများသည် ဆေးဖက်ဆိုင်ရာနှင့် ရေရှည် ဝန်ဆောင်မှု များနှင့် ကူညီပံ့ပိုးမှုများကဲ့သို့သော လူမှုရေးဆိုင်ရာ လိုအပ်မှုများ နှစ်ခုစလုံးအပြင် မူးယစ်ဆေးစွဲလမ်းမှု အပါအဝင် အပြုအမူဆိုင်ရာ ကျန်းမာရေး များကို ပိုမိုတိုးတက်ကောင်းမွန်လာစေပါသည်။ Health Home အစီအစဉ်သည် သင့် စောင့်ရှောက်မှု ပူးပေါင်းဆောင်ရွက်မှုနှင့် အသုံးပြုမှုအခွင့်အလမ်းများကို တိုးမြှင့်လာစေရန် ရည်ရွယ်ထားပါသည်။



## Health Home ဝန်ဆောင်မှုများဆိုသည်မှာ အဘယ်နည်း၊ ၎င်းတို့သည် သင့်အား မည်ကဲ့သို့ ကူညီပေးနိုင်သနည်း။

- ဘက်စုံစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုတွင် တစ်ဦးချင်းစီ၏ ကျန်းမာရေး လုပ်ဆောင်ချက် အစီအစဉ် ကို ပန်းတိုင်များနှင့် အဆိုပါ ပန်းတိုင်များအား ဖြစ်မြောက်အောင်မြင်စေရန် အဆင့်များတို့နှင့်အတူ ဖွံ့ဖြိုးစေခြင်း ပါဝင်ပါသည်။

- စောင့်ရှောက်မှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် သင်၏ ပံ့ပိုးပေးသူများ၊ မိသားစု နှင့် အခြားသော စောင့်ရှောက်မှုပေးသူများ တို့နှင့် ဆက်သွယ်မှုကို ပိုမိုကောင်းမွန် လာစေရန် ကူညီပေးပါသည်။

- ရွှေ့ပြောင်းခြင်း အစီအစဉ်သည် သင် ဆေးရုံ သို့မဟုတ် စောင့်ရှောက်မှု အဆောက်အအုံမှ သင် ထွက်ခွာသည့်အခါ အထောက်အကူပေးပါသည်။

- တစ်ဦးချင်းဆိုင်ရာနှင့် မိသားစု ကူညီပံ့ပိုးမှု ဝန်ဆောင်မှုများသည် သင်၏ ကျန်းမာရေး ပန်းတိုင်များသို့ရောက်ရှိစေရန် ကူညီသည့်အနေဖြင့် မိသားစုဝင်များ၏ တာဝန်၊ ရိုးရိုးဝိုင်းဝန်းကူညီမှု နှင့် ပြုစုစောင့်ရှောက်ပေးသူများ တို့၏တာဝန်များကို ဖော်ထုတ်ပေးပါသည်။

- အသိုင်းအဝိုင်းနှင့် လူမှုရေးဆိုင်ရာ ဝိုင်းဝန်းကူညီမှု ဝန်ဆောင်မှုများ သို့ လွှဲပြောင်းခြင်းသည် သင့်အား သယ်ယူပို့ဆောင်ရေး၊ အစားအစာ နှင့် အိမ်ခန်းနေရာ စသည်များတွင် ကူညီပေးပါသည်။

- ကျန်းမာရေး မြှင့်တင်ရေးသည် သင်၏ ကျန်းမာရေး ပန်းတိုင်များ သို့ရောက်ရှိစေရန် သင့်အား ပညာဗဟုသုတပေးခြင်း နှင့် ကျန်းမာသုသနည်းပြပေးခြင်းများတွင် ကူညီပေးပါသည်။

## မည်သူတို့က Health Home ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီ ပါသနည်း။

ဤ Health Home စာစောင်ကို သင် လက်ခံရရှိခြင်းမှာ သင်သည် အစီအစဉ်အတွက် သင် အရည်အချင်းပြည့်မီသောကြောင့် ဖြစ်ပါသည်။ ဝန်ဆောင်မှုများသည် သတ်မှတ်ထားသည့် နာတာရှည်ရောဂါ အနည်းဆုံးတစ်ခု နှင့်ပြည့်မီသည့် မည်သည့်အသက်အရွယ်၌မဆို ပုဂ္ဂိုလ်များအတွက် ဖြစ်ပါသည် အချို့သော နာတာရှည်ရောဂါ ကျန်းမာရေးအခြေအနေများ၌ တစ်စုံတစ်ဦးအား အရည်အချင်းပြည့်မီစေသည့်အထဲတွင် ပါဝင်သည်များမှာ -

- ကင်ဆာရောဂါ
- နာတာရှည် အသက်ရှူလမ်းကြောင်း ပြဿနာများ
- စိတ်ဖောက်ပြန်ခြင်း သို့မဟုတ် ဦးနောက်ထိခိုက်ဏ်ရာကြောင့် ဖြစ်သည့်ရောဂါ
- ဆီးချိုရောဂါ
- အူလမ်းကြောင်းဆိုင်ရာ ရောဂါ
- နှလုံးရောဂါ
- ဉာဏ်ရည် ချို့ယွင်းမှု သို့မဟုတ် ရောဂါ
- အပြုအမူပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများ
- ကြွက်သား အာရုံကျောဆိုင်ရာ ပြဿနာများ
- အာရုံကျောဆိုင်ရာ ရောဂါများ

## Health Home စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူ ဆိုတာ ဘာလဲ။

Health Home စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူဆိုသည်မှာ တစ်စုံတစ်ဦးက သင့်အား Health Home အစီအစဉ်ထဲတွင် ပါဝင်ရန် ကူညီပေးသူ ဖြစ်ပါသည်။ သင်၏ စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူသည် မှန်ကန်သော ပံ့ပိုးမှုပေးသူဖြင့် မှန်ကန်သော စောင့်ရှောက်မှုကိုနေရာမှန်နှင့် အချိန်မှန် လက်ခံရရှိရန် သင်နှင့်အတူ လုပ်ဆောင်မည်ဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ဆောင်မှုများအကြောင်းကို ရှင်းပြရန် နှင့် Health Home အစီအစဉ်နှင့်ပတ်သက်ပြီး သင် မေးမြန်းလိုသည့်မေးခွန်းများကို ဖြေဆို ပေးရန် သင်၏ စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူက သင့်ထံသို့ ဆက်သွယ်ပါလိမ့်မည်။

## Health Home ဝန်ဆောင်မှုများကို သင် မည်ကဲ့သို့ ရယူမည်နည်း။

Health Home အစီအစဉ်သို့ ဝင်ရောက်ရန် အခြေခံ အဆင့် သုံးဆင့် ရှိပါသည် -

**1. Health Home သို့ လွှဲအပ်ခြင်း** - သင် အရည်အချင်းပြည့်မီသည်နှင့် တစ်ပြိုင်လျက် Health Home ဦးဆောင်မှု အဖွဲ့ အစည်းသို့ သင် ချိတ်ဆက်မှုရရှိမည်ဖြစ်ပြီး သင့်အား ဆက်သွယ်မှုပြုရန် စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူထံ တာဝန်လွှဲအပ်ပေးမည်ဖြစ်ပါသည်။ စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူသည် သင် မေးမြန်းလိုသည့် မေးခွန်းများကို ဖြေဆိုပေးမည်ဖြစ်ပြီး Health Home အစီအစဉ်ထဲတွင် သင် ပါဝင်မည် သို့မဟုတ် မပါဝင်မည်တွင် သင် ဆုံးဖြတ်နိုင်ပါသည်။

**2. အချက်အလက်** ***မျှဝေခြင်း နှင့် သဘောတူခွင့်ပြုချက် ဖောင်ပုံစံကို ဖြည့်စွက်ခြင်း***- သင်၏ စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူမှ သင်၏ ဆေးဖက်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှု အချက်အလက်များကို မျှဝေခွင့်ပြုရန်အတွက် Health Home ဝန်ဆောင်မှုများ၏ သဘောတူခွင့်ပြုချက် ဖောင်ပုံစံကို ဖြည့်စွက်ရန် ကူညီပေးပါမည်။ အချက်အလက်များကို သင် ရွေးချယ်ထားသည့် ပံ့ပိုးပေးသူများနှင့် အခြားများသို့ သာလျှင် ဝေမျှပါမည်။

**3. ကျန်းမာရေး လုပ်ဆောင်ချက် အစီအစဉ်ကို ဖြည့်စွက်ခြင်း** - သင်၏ ကိုယ်ပိုင် ကျန်းမာရေး ပန်းတိုင်များကို ရွေးချယ်နိုင်မည်ဖြစ်ပြီး ၎င်းတို့အား သင့် ကျန်းမာရေး လုပ်ဆောင်ချက် အစီအစဉ်ထဲတွင် သင်၏ စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူက ထည့်သွင်းပေးမည်ဖြစ်ပါသည်။ ၎င်းသည် သင့်အတွက် အောက်တွင်ဖော်ပြထားသည့် နောက်ထပ်သော ဝန်ဆောင် မှုများနှင့် အရင်းအမြစ်များကို လိုအပ်မှုရှိမရှိ ဆုံးဖြတ်ရန် သင် နှင့် သင်၏ စောင့် ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူ တို့အား အထောက်အကူပြုစေမည်ဖြစ်သည် -

- ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်မှုများ
- ရေရှည် ဝန်ဆောင်မှုများနှင့် ကူညီထောက်ပံ့မှုများ
- အပြုအမူပိုင်းဆိုင်ရာကျန်းမာရေး ဝန်ဆောင်မှုများ
- အသိုင်းအဝိုင်း အရင်းအမြစ်များ
    - အိမ်ခန်းနေရာ
    - သယ်ယူပို့ဆောင်ရေး

နောက်နောင်လည်ပတ်ပြသမှုများအတွက် စီစဉ်ရန် နှင့် တောင်းဆိုမှုကို သင်၏ကိုယ်ပိုင် ရွေးချယ်မှုဖြင့် အချိန်မရွေး ပြုလုပ်နိုင်ပါသည်။

## သင်၏ လက်ရှိ ကျန်းမာရေး စောင့်ရှောက်မှုနှင့် နှင့် အခြားသော ပံ့ပိုးပေးသူများတို့၌ ဆက်လက်ရှိနေနိုင်ပါသလား။

ဟုတ်ပါသည်၊ သင်၏ လက်ရှိကျန်းမာရေး ဝန်ဆောင်မှုများနှင့် ပံ့ပိုးပေးသူများသည် အတူတူပင်လျှင် ဆက်လက်ရှိနေပါမည်။ Health Home ဝန်ဆောင်မှုများ၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် သင်၏ စောင့် ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူသည် ပူးပေါင်းဆောင်ရွက်သည့် လွှမ်းခြုံမှု နှင့် စောင့်ရှောက်မှုအတွင်းရွေ့ပြောင်းမှုတို့နှင့်ပတ်သက်၍ ပံ့ပိုးသူများတို့နှင့် ဆက်သွယ်မှု ရှိထားနိုင်သည်။

## သင်သည် Health Home အစီအစဉ်ထဲတွင် ရှိကြောင်း သင့် ပံ့ပိုးသူများက မည်ကဲ့သို့ သိရှိနိုင်မည်နည်း။

မိမိတို့သည် ProviderOne တွင် ကြည့်ရှုစစ်ဆေးခြင်းအားဖြင့် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု အာဏာပိုင် (Health Care Authority) 1-800-562-3022 ထံသို့ ဆက်သွယ်ခြင်းအားဖြင့် သိနိုင်ပါသည်။

## Health Home ဝန်ဆောင်မှုများအတွက် သင် ပေးဆောင်ရပါသလား။

မပေးဆောင်ရပါ၊ အဆိုပါ ဝန်ဆောင်မှုများကို သင့်အတွက် အခမဲ့ဖြင့် ပံ့ပိုးပေးပါသည်။

## သင်၏ စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူကို သင် သဘောမကျခဲ့လျှင် ဘာပြုလုပ်ရမည်နည်း။

Health Home စောင့်ရှောက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်း ထံသို့ ဆက်သွယ်ပြီး စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူ အသစ်တစ်ဦးကို သင် တောင်းဆိုနိုင်ပါသည်။

## အခြား ပြည်နယ် တစ်ခုသို့ သင်ပြောင်းရွှေ့သွားခဲ့လျှင် ဘာပြုလုပ်ရမည်နည်း။

စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သူ နောက်တစ်ဦးသို့ သင် လွှဲအပ်နိုင်ပါသည်။ ရှိနေသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သင့်အား ဆက်သွယ်ပါလိမ့်မည်။

## Apple Health (Medicaid) သို့မဟုတ် Medicare လွှမ်းခြုံမှုများကို သင် ဆုံးရှုံးသွား ခဲ့ပါက ဘာပြုလုပ်ရမည်နည်း။

သင်၏ Apple Health (Medicaid) အရည်အချင်းပြည့်မီမှုကို သင် ဆုံးရှုံးသွားခဲ့ ပါက Health Home ဝန်ဆောင်မှုများအတွက် သင် အရည်အချင်းပြည့်မီပါ တော့မည် မဟုတ်ပါ။

သင်၏ Medicare အရည်အချင်းပြည့်မီမှုကို သင် ဆုံးရှုံးသွားခဲ့ပါက Health Home ဝန်ဆောင်မှုများအတွက် သင် ဆက်လက်ပြီး ရရှိနိုင်ပါသည်။

## သင်၏ တိုင်ကြားချက် နှင့် အယူခံဝင်ခြင်း အခွင့်အရေးများ က ဘာတွေလဲ။

သင်၏ Apple Health နှင့် Medicare မကျေနပ်ချက် နှင့် အယူခံဝင်ခြင်း အခွင့်အရေးများ အတိုင်း ဆောင်ရွက်နိုင်ပါသည်။

## အကယ်၍ Health Home အစီအစဉ် ထဲတွင် သင် မပါဝင်လိုတော့ပါက ဘာပြုလုပ်ရမည်နည်း။

Health Home စောင့်ရှောက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်း ထံသို့ ဆက်သွယ်ပြီး အစီအစဉ်မှ ထုတ်ရန် သင် ပြောဆိုနိုင်ပါသည်။ အကယ်၍ နောက်ပိုင်းတွင် သင် စိတ်ပြောင်းသွားခဲ့ပါက ကျန်းမာရေး စောင့်ရှောက် အာဏာပိုင် (Health Care Authority) 1-800-562-3022 ထံသို့ ဆက်သွယ်ပြီး Health Home အစီအစဉ်ထဲတွင် ပြန်လည်စာရင်းသွင်းရန် သင် ပြောဆိုနိုင်ပါသည်။

## အမေရိကန် အင်းဒီးယန်း သို့မဟုတ် အလက်စကား မျိုးနွယ်ဖွား များအတွက်

အရည်အချင်းပြည့်မီသည့် အမေရိကန် အင်းဒီးယန်း သို့မဟုတ် အလက်စကား မျိုးနွယ်ဖွား များသည် Health Home ထဲတွင် ပါဝင်ရန် ရွေးချယ်နိုင်ပြီး အရည်အ ချင်းပြည့်မီမှုကို ဆုံးဖြတ်ပေးမည့်သူ နှင့် စာရင်းသွင်းခြင်းတွင် ကူညီပေးမည့်သူ ကျန်းမာရေး စောင့်ရှောက် အာဏာပိုင် ထံသို့ အချိန်မရွေး ဆက်သွယ် နိုင်ပါသည်။



**ကျန်းမာရေးပြဿနာများဖြစ်ချိန်တွင် မည်သူ့အား ခေါ်ဆိုရန်**

အသက်အန္တရာယ် ခြိမ်းခြောက်မှု အရေးပေါ်အခြေအနေ အတွက်

**911 သို့ ခေါ်ဆိုပါ ။**

### ဝဘ်ဆိုဒ်ပေါ်တွင်

Health Home အစီအစဉ်နှင့်ပတ်သက်ပြီး နောက်ထပ်သောအချက်အလက်များ အတွက် တွင် ကြည့်ရှုပါ **hca.wa.gov/free-or-low-cost-health-care/apple-health-medicaid-coverage/health-home**။

HCA အနေဖြင့် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို တူညီစွာ လက်ခံရရှိနိုင်ရေး အတွက် ကူညီထောက်ပံ့ပေးပါသည်။ နေရာထိုင်ခင်း သို့မဟုတ် စာရွက်ကို အခြားသော ဘာသာစကားဖြင့် သင် လိုအပ်ခဲ့ပါက ကျေးဇူးပြု၍ 1-800-562-3022 သို့ ဖုန်းခေါ် ဆိုပါ။ နားမကြားသည့် သို့မဟုတ် စကားမပြောနိုင်သည့် လူများအတွက် သတင်းတဆင့်ပေးပို့သည့်ဝန်ဆောင်မှုများအတွက် ကျေးဇူးပြုပြီး 711 ကိုဖုန်းခေါ် ဆိုပါ။

Washington State Health Care Authority

P.O. Box 45535
Olympia, WA 98504-5535

HCA 22-851 BS (6/21) Burmese